
(၅) **ရွက်ညိုပြောက်ရှည်ရောဂါ (Narrow Brown Spot)**

**ရောဂါဖြစ်စေသောသက်ရှိ - *Sphaerulina oryzina* Hara (*Cercospora oryzae* I. Miyake)**

**ရောဂါလက္ခဏာများ**

ရွက်ကြောများနှင့် အပြိုင်သေးရှည်ရှည်အညိုရောင် အပြောက်များ ဖြစ်ပေါ် သည်။ စပါးရွက်ကို အလင်းရောင်အောက် ထောင်ကြည့်လျှင် ၎င်းအပြောက်များမှာ အလင်း မဖေါက်နိုင်ပေ။





**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိမျိုးများကို ရွေးချယ်စိုက်ပျိုးခြင်းသည် ဤရောဂါကို အကောင်းဆုံး ကာကွယ်ခြင်းဖြစ်သည်။
- ရောဂါကင်းမျိုးစေ့ကိုသုံးပါ။
- အာဟာရဓာတ်ပြည့်စုံသော မြေသြဇာကို သုံးပါ။
- စိုက်ခင်းရေပြတ်တောက်မှုမရှိစေရန်ဂရုစိုက်ပါ။
- ရောဂါကျ ရောက်ပါက အောက်ပါမှိုသတ်ဆေးများ ပက်ဖျန်းအသုံးပြုပါ။

    - Propiconazole (ပရိုပီကိုနာဇိုး)
    - Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း)
    - Difenoconazole (ဒီဖီနိုကိုနာဇိုး)